# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၂) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၄:၃၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ –
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၇,၃၉၆,၉၄၃) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၇၅,၀၆၀) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ –

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၁-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၃၁-၇-၂၀၂၀) | (၁-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၃၈၈,၅၆၆ | ၄,၄၅၆,၃၈၉ | ၆၇,၈၂၃ | ၁၅၁,၂၆၅ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၅၅၂,၂၆၅ | ၂,၆၁၀,၁၀၂ | ၅၇,၈၃၇ | ၉၁,၂၆၃ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၆၃၈,၈၇၀ | ၁,၆၉၅,၉၈၈ | ၅၇,၁၁၈ | ၃၆,၅၁၁ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၃၉,၉၈၁ | ၈၄၅,၄၄၃ | ၅,၄၆၂ | ၁၄,၀၅၈ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၄၈၂,၁၆၉ | ၄၉၃,၁၈၃ | ၁၁,၀၁၄ | ၈,၀၀၅ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၀၈,၄၄၉ | ၄၁၆,၁၇၉ | ၇,၇၃၀ | ၄၆,၀၀၀ |
| ၇။ | ပီရူး | ၃၂.၉ | ၄၀၀,၆၈၃ | ၄၀၇,၄၉၂ | ၆,၈၀၉ | ၁၉,၀၂၁ |
| ၈။ | ချီလီ | ၁၈.၃ | ၃၅၃,၅၃၆ | ၃၅၅,၆၆၇ | ၂,၁၃၁ | ၉,၄၅၇ |
| ၉။ | အီရန် | ၈၂.၈ | ၂၉၈,၉၀၉ | ၃၀၄,၂၀၄ | ၂,၆၇၄ | ၁၆,၇၆၆ |
| ၁၀။ | ယူနိုက်တက်ကင်းဒမ်း | ၇၉ | ၃၀၂,၃၀၅ | ၃၀၃,၁၈၅ | ၈၈၀ | ၄၆,၁၁၉ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၁-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၃၁-၇-၂၀၂၀) | (၁-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုးလူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၇၈,၃၀၅ | ၂၇၈,၃၀၅ | ၀ | ၅,၉၅၁ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၃၄,၈၈၉ | ၂၃၇,၆၆၁ | ၂,၇၇၂ | ၃,၁၁၁ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၀၆,၃၃၆ | ၁၀၈,၃၇၆ | ၂,၀၄၀ | ၅,၁၃၁ |
| (ဃ) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၇,၉၅၆ | ၈၈,၁၂၂ | ၁၆၆ | ၄,၆၆၈ |
| (င) | ဖိလစ်ပိုင် | ၁၀၉.၆ | ၈၉,၃၇၄ | ၉၃,၃၅၄ | ၃,၉၈၀ | ၂,၀၂၃ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၁၈၀၉ | ၅၂,၂၀၅ | ၃၉၆ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၁၀ | ၃,၃၁၂ | ၂ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၅၀၉ | ၅၅၈ | ၄၉ | ၂ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၃ | ၃၅၃ | ၀ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

**(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။**

**(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။**

**(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။**

**(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။**

**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**